


Ayeyarwady Inspiration Co., Ltd.

PADONMAR HOUSING PROJECT

CONCEPT MASTER PLAN

MAUBIN I MYANMAR I MAY 2015

Ayeyarwady Inspiration

အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီလီမိတက်

၏

အဆိုပြုချက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ

Ayeyarwaddy Inspiration Co.,Ltd

(Padonema Housing Development

တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့
ရောဂတီတိုင်းဒေသကြီး ၊ ပုသိမ်မြို့။
စာအမှတ်၊ ၅၈၈ / လ ယ - ၁
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

သို့

ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
ပုသိမ်မြို့။

အကြောင်းအရာ။ **တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) မှတ်တမ်း ပေးပို့ခြင်း။**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် (၂၅.၁၁.၂၀၁၅) ရက်နေ့ (၁၃.၀၀) နာရီအချိန်၌ ကျင်းပပြုလုပ်သော တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) ၌ တင်ပြဆွေးနွေးဆုံးဖြတ်မှု မှတ်တမ်းအား ဤစာနှင့်အတူ ပူးတွဲပေးပို့ တင်ပြအပ်ပါသည်။

၂၂/၁၂/၂၀၁၅

(ကျော်ထင်)
အတွင်းရေးမှူး
တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။

ဖြန့်ဝေခြင်း -

- အဖွဲ့ဝင်များ (အားလုံး)၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။

မိတ္တူ

- လက်ခံ။

မာတိကာ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့ (၁၃.၀၀)နာရီအချိန် ဧရာဝတီတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) မှတ်တမ်း

တက်ရောက်သည့်ပုဂ္ဂိုလ်များ

၁။ အောက်ဖော်ပြပါပုဂ္ဂိုလ်များ အစည်းအဝေးတက်ရောက်ကြပါသည် -

ဦးသိန်းအောင်	ဝန်ကြီးချုပ်	တိုင်းဒေသကြီးအစိုးရအဖွဲ့	ဥက္ကဋ္ဌ
ဦးစန်းမောင်	စိုက်/မွေးဝန်ကြီး	တိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
ဒုဗိုလ်မှူးကြီးသက်ထွန်း	ဦးစီးအရာရှိ(ပထမတန်း)	တိုင်းစစ်ဌာနချုပ်စစ်ထောက် (လုပ်ငန်း)	အဖွဲ့ဝင်
ဦးအေးကျော်	ဒုတိယညွှန်ကြားရေးမှူးချုပ်	တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
ဦးထွန်းအောင်ကျော်	တိုင်းဒေသကြီးဦးစီးမှူး	တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
ဒေါက်တာခင်အောင်	တိုင်းဒေသကြီးဦးစီးမှူး	တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန	အဖွဲ့ဝင်
ဦးဇော်ဌေး	တိုင်းဒေသကြီးဦးစီးမှူး	တိုင်းဒေသကြီး သစ်တောဦးစီးဌာန	အဖွဲ့ဝင်
ဦးသန်းဗိုလ်	တိုင်းဒေသကြီးဦးစီးမှူး	တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန	အဖွဲ့ဝင်
ဒေါ်ခင်သန်းလွင်	တိုင်းဒေသကြီးဦးစီးမှူး	တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန	အဖွဲ့ဝင်
ဦးကျော်ထင်	တိုင်းဒေသကြီးဦးစီးမှူး	တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန	အတွင်းရေးမှူး

အစည်းအဝေးမတက်ရောက်နိုင်သူများ

၂။ မရှိပါ။

ရည်ရွယ်ချက်

၃။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် တိုင်ဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လယ်ယာမြေဥပဒေပုဒ်မ ၂၅(က) အရ သတ်မှတ်အယူခံကာလအတွင်း အယူခံဝင် တင်ပြလာသည့် တိုင်းဒေသကြီးအယူခံမှုများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေ အမိန့်ညွှန်ကြားချက်များနှင့်အညီ အဆုံးအဖြတ်ပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရန်။

Ayeyarwady Inspiration Co., Ltd.

သို့

ဥက္ကဋ္ဌ
ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

ရက်စွဲ။ ။၂၀၁၈ ခုနှစ်၊ မတ်လ (၂၀)ရက်

အကြောင်းအရာ။ ။ **ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြု့လျှောက်ထားလွှာအားပေးပို့ခြင်း**

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ် ၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက)ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ငှာရမ်းခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း လုပ်ကိုင်ဆောင်ရွက်ရရှိနိုင်ရန်ရည်ရွယ်၍ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ခွင့်ပြုမိန့်ရရှိနိုင်ရန် လုပ်ငန်းအတည်ပြုလျှောက်လွှာအား ပေးပို့ တင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့၏အတည်ပြုလျှောက်လွှာကို လိုအပ်သလို စိစစ်နိုင်ပါရန် လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

Minn Htwe
Managing Director
Ayeyarwady Inspiration Co., Ltd.

ဆောင်ရွက်ရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မန်ပြေ(၁၉)လမ်း၊ အမှတ် (၂၂) နေ ဦးမင်းထွေး မှ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က) အရ အိမ်ယာစီမံကိန်းမြေအဖြစ် အသုံးပြုရန်အတွက် လျှောက်ထား လာခြင်းအား မအူပင်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တင်ပြလာသည့်ကိစ္စအား ဆွေးနွေးကြပါသည်။

၂၄၅။ **ဆုံးဖြတ်ချက်[redacted]။** မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၈၀)၊ ငါးပိအိုင်ကွင်း၊ ဦးပိုင်အမှတ်(၁၇၊ ၁၈၊ ၁၉၊ ၃၆၊ ၃၇၊ ၃၈၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၆၅၊ ၇၄/၁)၊ ဧရိယာ(၉၈.၉၆)ဧကရှိ လယ်မြေကို ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မန်ပြေ(၁၉)လမ်း၊ အမှတ် (၂၂) နေ [redacted] မှ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က) အရ အိမ်ယာစီမံကိန်းမြေအဖြစ် အသုံးပြုရန်အတွက် လျှောက်ထား လာခြင်းအား **"လယ်ယာမြေ ဥပဒေပုဒ်မ - ၃၀(က) အရ လယ်မြေမျိုး ဖြစ်၍ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက် ထောက်ခံ တင်ပြ ရန်"** ဆုံးဖြတ်သည်။

အတွင်းရေးမှူး
တိုင်းဒေသကြီး
လယ်ယာမြေစီမံ
ခန့်ခွဲမှုအဖွဲ့

၂၄၆။ **ဆွေးနွေးချက်။** မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ငါးကြီးဂရက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၅၈)၊ ရေအိုးစင်ကွင်း၊ ဦးပိုင်အမှတ်(၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉/၁၊ ၂၄/၁၊ ၂၅/၁၊ ၂၆/၁၊ ၂၆/၂၊ ၂၆/၄၊ ၂၇/၁၊ ၂၈/၁၊ ၂၈/၂၊ ၂၉/၃၊ ၃၁/၁)၊ ဧရိယာ(၆၇.၈၃)ဧကရှိ လယ်မြေကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ်(၁၃၈)နေ ဒေါ်ဆွေဆွေခိုင် မှ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က) အရ ဖိနပ်နှင့်ဖိနပ်ဆက်စပ်ပစ္စည်းစက်ရုံမြေအဖြစ် အသုံးပြုရန်အတွက် လျှောက်ထားလာခြင်းအား မအူပင်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တင်ပြလာသည့်ကိစ္စအား ဆွေးနွေး ကြပါသည်။

၂၄၇။ **ဆုံးဖြတ်ချက်(၁၂၂)။** မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ငါးကြီးဂရက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၅၈)၊ ရေအိုးစင်ကွင်း၊ ဦးပိုင်အမှတ်(၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉/၁၊ ၂၄/၁၊ ၂၅/၁၊ ၂၆/၁၊ ၂၆/၂၊ ၂၆/၄၊ ၂၇/၁၊ ၂၈/၁၊ ၂၈/၂၊ ၂၉/၃၊ ၃၁/၁)၊ ဧရိယာ(၆၇.၈၃)ဧကရှိ လယ်မြေကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ်(၁၃၈)နေ ဒေါ်ဆွေဆွေခိုင် မှ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က) အရ ဖိနပ်နှင့်ဖိနပ်ဆက်စပ်ပစ္စည်းစက်ရုံမြေအဖြစ် အသုံးပြုရန်အတွက် လျှောက်ထားလာခြင်းအား **လယ်ယာမြေ ဥပဒေပုဒ်မ - ၃၀(က) အရ လယ်မြေမျိုး ဖြစ်၍ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက် ထောက်ခံ တင်ပြ ရန်"** ဆုံးဖြတ်သည်။

အတွင်းရေးမှူး
တိုင်းဒေသကြီး
လယ်ယာမြေစီမံ
ခန့်ခွဲမှုအဖွဲ့

၂၄၈။ **ဆွေးနွေးချက်။** မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ မင်းဘောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၈၉)၊ ခနောင်ကွင်း၊ ဦးပိုင်အမှတ်(၁၁၊ ၁၂၊ ၁၃၊ ၂၀၊ ၂၁/၁၊ ၂၂၊ ၃၉/၁)၊ ဧရိယာ(၃၀.၄၇)ဧကရှိ လယ်မြေကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ်(၁၃၈)နေ ဒေါ်ဆွေဆွေခိုင် မှ လယ်ယာမြေဥပဒေ ပုဒ်မ ၃၀(က) အရ အားကစားနှင့်ပတ်သက်သော အစိတ်အပိုင်းထုတ် စက်ရုံမြေမြေအဖြစ် အသုံးပြုရန်အတွက် လျှောက်ထားလာခြင်းအား မအူပင်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တင်ပြလာသည့်ကိစ္စအား ဆွေးနွေး ကြပါ သည်။

Ayeyarwady Inspiration Co., Ltd.

သို့

ဥက္ကဋ္ဌ
ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

ရက်စွဲ။ ။၂၀၁၈ ခုနှစ်၊ မတ်လ (၂၀)ရက်

အကြောင်းအရာ။ ။ **တည်ဆောက်ရေးကာလအားတင်ပြခြင်း**

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ် ၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက)ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ဟိုတယ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြထားပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းနှင့် ဆက်လျဉ်း၍ ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ဟိုတယ်ခြင်းလုပ်ငန်းအား တည်ဆောက်ရေးကာလ (၃) နှစ်အတွင်း အပြီး သတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Minn Htwe
Managing Director
Ayeyarwady Inspiration Co., Ltd.

No.(39), Aung Zayar Street, (5) Ward, Maubin Township, Ayeyarwady Division.
Office: 01-9190357, 09-781993790

ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ လျှောက်ထားခြင်း

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ် ၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက)နှင့် ဦးပိုင် အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ်ရောင်းချခြင်း နှင့် ငှာရမ်းခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း လုပ်ကိုင်ဆောင်ရွက်ရရှိနိုင်ရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့တင်ပြလျှောက် ထားသောကုမ္ပဏီဖြစ်ပါသည်။

အဆိုပြုတင်ပြသည့် လုပ်ငန်းဖြစ်သော မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းအား ပြည်တွင်းတွင် ဆောင်ရွက်မည် ဖြစ်ပါသည်။ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရန် အတွက် ရင်းနှီးမြှုပ်နှံငွေပြည်တွင်းသုံး ငွေကျပ် စုစုပေါင်း (၂,၂၀၁.၉၆၉) သန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ငွေသားတန်ဘိုး ကျပ်	(၅၀.၀၀၀)	သန်း
(ခ) Infrastructure Cost ပြည်တွင်းသုံးငွေကျပ်	(၁,၉၃၇.၅၂၈)	သန်း
(ဂ) စက်ယန္တရားအသုံးပြုကျပ်တန်ဘိုး ပြည်တွင်းသုံးငွေကျပ်	(၂၀၀.၃၄၂)	သန်း
(ဃ)ရုံးတွင်းသုံးပစ္စည်းတန်ဘိုး	(၁၄.၀၉၈)	သန်း

တို့ဖြင့် ထည့်ဝင်ရင်းနှီးမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် မအူပင်မြို့ လူနေမှုအဆင့်အတန်းလိုက် စိမ်းလန်းစိုပြေပြီး ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင် တစ်ခုဖန်တီးပေးရန်၊ စက်မှုဇုန်ဖွံ့ဖြိုးရေး စီမံကိန်းများ တမဟုတ်ချင်း တိုးတက်များပြားလျက်ရှိရာ အလုပ်အကိုင်အခွင့်အလန်းများ များပြားလာမည်ဖြစ်ပြီး ယင်းတို့တွင် လာရောက်လုပ်ကိုင်လျက်ရှိသော ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ နှင့် ဒေသခံ ပြည်သူလူထု အတွက် သင့်လျောမည့် မြို့ပြလူနေမှုပုံစံ အမျိုးမျိုးအတွက် သွားလာနေထိုင်ရေး အထူးသင့်လျောသောပတ်ဝန်းကျင်တစ်ခုဖန်တီးပေးခြင်းအတွက်လည်းကောင်းကျွန်တော် များလျှောက်ထား ခြင်းကို လက်ခံစဉ်စားပေးပါရန် နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကိုလည်းခံစားခွင့်ပြုပါရန်လျှောက်ထားအပ်ပါသည်။ဤလျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ အထောက်အထားစာရွတ်စာတမ်းများကို ပူးတွဲတင်ပြအပ်ပါသည်။

(က)ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမကထပြုလုပ်သူ၏ လုပ်ငန်းဆောင်ရွတ်ရန်အဆိုပြုချက်၊

Ayeyarwady Inspiration Co., Ltd.

ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ လျှောက်ထားခြင်း

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ် ၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက)နှင့် ဦးပိုင် အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ်ရောင်းချခြင်း နှင့် ငှာရမ်းခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း လုပ်ကိုင်ဆောင်ရွက်ရရှိနိုင်ရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့တင်ပြလျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

အဆိုပြုတင်ပြသည့် လုပ်ငန်းဖြစ်သော မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းအား ပြည်တွင်းတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရန် အတွက် ရင်းနှီးမြှုပ်နှံငွေပြည်တွင်းသုံး ငွေကျပ် စုစုပေါင်း (၂,၂၀၁.၉၆၉) သန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ငွေသားတန်ဘိုး ကျပ် (၅၀.၀၀၀) သန်း

(ခ) Infrastructure Cost ပြည်တွင်းသုံးငွေကျပ် (၁,၉၃၇.၅၂၈)သန်း

(ဂ) စက်ယန္တရားအသုံးပြုကျပ်တန်ဘိုး ပြည်တွင်းသုံးငွေကျပ်(၂၀၀.၃၄၂) သန်း

(ဃ)ရုံးတွင်းသုံးပစ္စည်းတန်ဘိုး (၁၄.၀၉၈) သန်း

တို့ဖြင့် ထည့်ဝင်ရင်းနှီးမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် မအူပင်မြို့ လူနေမှုအဆင့်အတန်းလိုက်စိမ်းလန်းစိုပြေပြီး ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင် တစ်ခုဖန်တီးပေးရန်၊ စက်မှုဇုန်ဖွံ့ဖြိုးရေး စီမံကိန်းများ တမဟုတ်ချင်း တိုးတက်များပြားလျက်ရှိရာ အလုပ်အကိုင်အခွင့်အလန်းများ များပြားလာမည်ဖြစ်ပြီး ယင်းတို့တွင် လာရောက်လုပ်ကိုင်လျက်ရှိသော ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ နှင့် ဒေသခံပြည်သူလူထု အတွက် သင့်လျော်မည့် မြို့ပြလူနေမှုပုံစံ အမျိုးမျိုးအတွက် သွားလာနေထိုင်ရေး အထူးသင့်လျော်သောပတ်ဝန်းကျင်တစ်ခုဖန်တီးပေးခြင်းအတွက်လည်းကောင်းကျွန်တော် များလျှောက်ထားခြင်းကို လက်ခံစဉ်စားပေးပါရန် နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ဆိုင်ရာကင်လွတ်ခွင့်နှင့်သက်သာခွင့်တို့ကိုလည်းခံစားခွင့်ပြုပါရန်လျှောက်ထားအပ်ပါသည်။ဤလျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲတင်ပြအပ်ပါသည်။

(က)ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမကထပြုလုပ်သူ၏ လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုချက်၊

No.(39), Aung Zayar Street, (5) Ward, Maubin Township, Ayeyarwady Division.
Office: 01-9190357, 09-781993790

(ခ) ဘဏ္ဍာရေး အချက်အလက်များနှင့် ပတ်သတ်၍ တွက်ချက်မှုဇယားများ၊

(ဂ) မြေဝယ်ယူထားရှိခြင်း သဘောတူစာချုပ်

(ဃ) ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်း၊ ကုမ္ပဏီမှတ်ပုံတင်ထားပြီးဖြစ်ကြောင်း အထောက်အထားများ

ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကတိဝန်ခံချက် တင်ပြခြင်း

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ်၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း (၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ်ရောင်းချခြင်း နှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။ ထိုသို့ လျှောက်ထားရာတွင် ခွင့်ပြုမိန့် ရရှိရန်အတွက် အောက်ပါတို့ကို ဝန်ခံကတိပြုပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး နိုင်ငံခြားမှ မည်သူ့ပိုင်ဆိုင်မှုမရှိကြောင်းဝန်ခံကတိပြုပါသည်။

(ခ) နိုင်ငံတော်အစိုးရ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဌာန်းသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုပါသည်။

(ဂ) ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန် အတွက်လိုအပ်သော အစီအမံများ၊ ကြိုတင်ကာကွယ်မှုများ နည်းဥပဒေ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ နှင့် အညီပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိ စေရန်အကောင်အထည် ဖော် ဆောင်ရွက်သွားမည် ဟု ဝန်ခံကတိပြုပါသည်။

(ဃ) မီးဘေးကြိုတင်ကာကွယ်မှုများပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

Ayeyarwady Inspiration Co., Ltd.

မီးဘေးကြိုတင်ကာကွယ်မှုအစီအမံများတင်ပြခြင်း

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ်၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ဟိုတယ်လုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။ ဤလုပ်ငန်းအနေဖြင့် ကြိုတင်ကာကွယ်ရေးစီမံချက်များကိုအောက်ပါအတိုင်း စီမံဆောင်ရွက် သွားမည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(၁) လုပ်ငန်းဝင်းအတွင်းရေဂါလံ (၁၃သိန်း)ဆန့် ရေကန်နှင့် ရေသွယ်မြောင်းများအား ထည့်သွင်း တည်ဆောက်ထားပါသည်။

(၂) ၎င်းရေကန်နှင့် ရေသွယ်မြောင်း အနီးတွင် အဆက်သင့် အသုံးပြုနိုင်ရန် ၁၀ HP ရှိမော်တာနှင့် ရေစုပ်စက် အပါအဝင်မီးသတ်ပိုက်နှင့် ပိုက်ခေါင်း (၁) စုံစီကိုထားရှိပါမည်။

(၃) လုပ်ငန်းအတွင်းတွင် အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် မီးသတ်ယာဉ်(၁)စီးထားရှိပါ မည်။

(၄) လုပ်ငန်း၏ ဘေးထွက်ပစ္စည်းနှင့် အခြားအမှိုက်များကို နေရာသတ်မှတ်၍ ပုံထားပြီး မြို့နယ် စည်ပင်သာယာရေးကော်မတီရုံး၏ ညွှန်ကြားချက်အရအမှိုက်စွန့်ပစ်ခြင်းကိုပြုလုပ်ပါမည်။

(၅) မြို့နယ်မီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ပို့ချသည့် အခြေခံ မီးသတ်သင်တန်းများသို့ လုပ်ငန်းမှ ဝန်ထမ်း(၁၀)ဦးကိုတက်ရောက်စေပြီး ၎င်းတို့ကို အဖွဲ့ခေါင်းဆောင်များအဖြစ် တာဝန်ပေးအပ်ပြီး မီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမည်ဖြစ်ကြောင်းတင်ပြအပ်ပါသည်။

(၆) မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုများကိုလည်း ခံယူပါမည်။

လုပ်ငန်းလုပ်သမားများနှင့်ဝန်ထမ်းများ သက်သာချောင်ချိရေးရေးနှင့်လုပ်ငန်း ခွင်သာယာရေးအတွက် စီစဉ်ဆောင်ရွက် ထားမှုများ အား တင်ပြခြင်း

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ်၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ငှာရမ်းခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် လုပ်ငန်းတွင် အလုပ်လုပ်ကိုင် တာဝန်ထမ်းရွက်နေကြသည့် အလုပ်သမားများနှင့် ဝန်ထမ်းများအတွက်အောက်ဖော်ပြပါကဏ္ဍများအလိုက်အလုပ်သမားများနှင့် ဝန်ထမ်းများသက်သာ ချောင်ချိ ရေးနှင့် လုပ်ငန်းခွင်သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိနေပါကြောင်းအား လိုအပ်သလိုအရေးယူ ဆောင်ရွက်နိုင်ရန်တင်ပြအပ်ပါသည်။

(၁) <u>အလုပ်သမားကြို/ပို့ယာဉ်စီစစဉ်ထားရှိမှု</u>

အလုပ်သမားကြို/ပို့ယာဉ်စီး၍အလုပ်တက်/ဆင်းသည့် ဝန်ထမ်းအလုပ်သမားများအတွက် ကြို/ပို့ဖယ်ရီကားများ စီစဉ်ထားရှိ ပါမည်။ ကြို/ပို့ဖယ်ရီကား စီးကြသော အလုပ်သမားများ အပေါ် ကြို/ပို့ ဖယ်ရီ ကားခ ကောက်ခံခြင်းမရှိဘဲ အခမဲ့ ပို့ဆောင်ပေးချက်ရှိပါသည်။

(၂) <u>ဝန်ထမ်းအိမ်ယာစီစဉ်ထားရှိမှု</u>

ဝန်ထမ်းများအတွက် အိမ်ဆောက်ထားရှိ၍ ဝန်ထမ်းများ၏ နေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးထားပါသည်။ အဆိုပါ ဝန်ထမ်းအိမ်ရာတွင် နေထိုင်ကြသော ဝန်ထမ်းများသည်အိမ်ငှားခပေးရန်မလိုဘဲအခမဲ့နေထိုင်ခွင့်ရရှိသူများဖြစ်ပါသည်။ အဆောင် ဝန်ထမ်းများအတွက်ထမင်းစရိတ်အားလစဉ်ထောက်ပံ့ပါသည်။အဆောင်နေဝန်ထမ်းများ အတွက် အလုပ်နားချိန်တွင် အပန်းဖြေနိုင်ရန် ရုပ်မြင်သံကြားဖမ်းစက်များ ထားရှိပါသည်။

(၃) <u>ဝန်ထမ်းသက်သာချောင်ချိရေးစားသောက်ဆိုင်ဖွင့်လှစ်ထားရှိမှု</u>

လုပ်ငန်းတွင် လက်ဖက်ရည်၊ မုန့်နှင့် ထမင်း/ဟင်းရောင်းချသည့် သက်သာဆိုင်တစ်ဆိုင် ဖွင့်လှစ် ထားရှိပါသည်။

(၄) အလုပ်ဆင်းချိန်မှန်ကန်မှု အတွက်ပေးသည့်ဆုကြေးငွေထောက်ပံ့မှု
လုပ်ငန်းရှိ ဝန်ထမ်း/အလုပ်သမားများ စီမံကိန်းတွင် အချိန်ပိုဆင်းရပါက တစ်နာရီအတွက် လုပ်အားခ ငွေကြေးသည် (၂)ဆတွက်ချက်ပေးပါသည်။

(၅) ထိခိုက်ဒဏ်ရာရရှိပါကစီစဉ်ထားရှိမှု
လုပ်ငန်းတွင်ရှေးဦးသူနာပြုသေတ္တာများနှင့်နာမကန်းသူများနားနေခန်း(၂)ခန်းစီစဉ်ထားရှိပါသည်။လူမှုဖူလုံရေးထည့်ဝင်ငွေများအားလည်းအလုပ်ရှင်ပိုင်းရောအလုပ်သမားများပိုင်းပါလစာထည့်ဝင်လျှက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအား တင်ပြခြင်း

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ်၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ငှာရမ်းခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းထမ်းရေးအတွက် အောက်ဖော်ပြပါ ကဏ္ဍများ အလိုက် စီမံဆောင်ရွက်ထားရှိမည် ဖြစ်ပါသည်။

(က) လုပ်ငန်းလည်ပတ်ခြင်း အဆင့်ဆင့်တွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စက်ကရိယာနှင့် ယန္တရားကြီးများကို လုပ်ငန်းခွင်တွင် လေကောင်းလေသန့်ရရှိရန်၊ ရေသန့်ရရှိရန် နှင့် ရေစီးရေလာကောင်းမွန်သည့် စနစ်များထားရှိမည်ဖြစ်ပြီး လုပ်ငန်း ပတ်ဝန်းကျင်စမ်းလန်းစိုပြေရေးအတွက် သစ်ပင်များ စိုက်ပျိုးထားရှိခြင်း၊ ပတ်ဝန်းကျင် ထိန်းစိမ်းရေးနှင့် သစ်တော်ရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်စမ်လျဉ်းသော စည်းကမ်းများကိုလည်း လိုက်နာဆောင်ရွက်ထားပါကြောင်း နှင့် စီမံကိန်းမြေနေရာတွင်လည်း အရိပ်ရအပင်များ စိုက်ပျိုးထားရှိ၍ မြက်ခင်းများ၊ ပန်းပင်များ၊ ပန်းခြံများ ထားရှိဆောင်ရွက်ရန် စီစဉ်ထားရှိပါသည်။

(ခ) ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် လုပ်ငန်း ပတ်ရာတွင် ထွက်ရှိမည့်စွန့်ပစ်ရေများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်ပေါ်စေရန်နည်းလမ်းများကို ထည့်သွင်းစီစဉ်ထား ရှိမည်ဖြစ်ပါသည်။

Ayeyarwady Inspiration Co., Ltd.

အလုပ်သမားများ၏ လစာဝင်ငွေပေါ်မှာ ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် ပတ်သက်၍ ဝန်ခံချက်တင်ပြခြင်း

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ်၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ဟိုတယ်ခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။

အဆိုပါ အဆိုပြုထားသောလုပ်ငန်းတွင် ခန့်အပ်မည့် အလုပ်သမားများ၏ (၁)နှစ်လစာ ကျပ် - ၄၈၀၀၀၀၀ (ကျပ် လေးဆယ့်ရှစ်သိန်းတိတိ) အထက်ရှိသော အလုပ်သမားများအတွက် ဝင်ငွေခွန်ဥပဒေ အရ သတ်မှတ်ထားသောလစာခွန်ကို ပေးဆောင်ပါမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(Corporate Social Responsibility) လူမှုဘဝသာယာဝပြောရေးတာဝန် ယူမှုနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြခြင်း။

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ်၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ဟိုတယ်ခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။

ယင်းသို့ အဆိုပြုတင်ပြထားသောလုပ်ငန်း၏ ကုမ္ပဏီအသားတင် အမြတ်ငွေထဲမှ (၂%) အား (CSR) အတွက် ထည့်ဝင်သွားမည်ဖြစ်ပါသည်။ ထည့်ဝင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြသော ဝန်ထမ်းများ၏ ပညာရေး၊ ဝနထမ်းများ၏ ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေး၊ အဆင့်မြင့်(ကောလိပ်) တက္ကသိုလ်ပညာရပ်များ ဆက်လက်သင်ကြားနိုင်စေရန် ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ခြင်း စသည့် ပညာရေး ထောက်ပံ့ ပေးမှုအတွက် (၂၅%)

(၂) လုပ်ငန်းခွင်အတွင်း ဝန်ထမ်း၊ အလုပ်သမားများ၏ ကျန်းမာရေး အခြေခံစောက်ရှောက်မှုအတွက် အလုပ်ရုံတွင်း ကျန်းမာရေးဆေးခန်းများဖွင့်လှစ်ခြင်း၊ ဆေးခန်းတွင်ဆေးပစ္စည်း ကိရိယာပြည့်စုံစေရေး၊

အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရှေးဦးသူနာပြုကုထုံး၊ ဆေးဝါးများ ပြင်ဆင်ထားရှိခြင်းများ အပြင် ဝန်ထမ်းမိသားစုများနာမကျန်းဖြစ်ပါက ထောက်ပံ့ကြေးများ ပေးအပ်ခြင်းတို့အတွက်(၂၅%)

(၃) လုပ်ငန်းနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများ တိုးပွားစေရေးလုပ်ငန်းခွင်ရှိဝန်ထမ်းများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု တိုးတက်လာစေရန်၊ ရာထူး၊ နေရာအလိုက်သင်တန်းများ အဆင့်ဆင့်ပို့ချခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းပိုင်းပညာရပ်တိုးတက်လာမှုနှင့်အတူ ထုတ်လုပ်မှုစွမ်းအားမြင့်မားလာပြီး ကျွမ်းကျင်လုပ်သားများအဖြစ် ရပ်တည်စေရန်အတွက် (၂၅%)

(၄) စီမံကိန်းဝန်ထမ်းများ၏ ကျန်းမာပျော်ရွှင်မှုနှင့် လုပ်ငန်းခွင်သာယာဝပြောရေးအတွက် လိုအပ်သော အပန်းဖြေအနားယူစရာများ ဖန်တီးပေးထားခြင်း၊လုပ်ငန်းခွင်အတွင်းလေဝင်လေထွက်ကောင်းမွန်ပြီး အလုပ်လုပ်ကိုင်ရာတွင် အဆင်ပြေစေရန်နှင့် အခြားသောသွားလာ ဆက်သွယ်ရေးကိစ္စများတွင် အဆင်ပြေ ချောမွေ့စေပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် (၂၅%)

နိုင်ငံတော်အတွက် အကျိုးအမြတ်ရရှိမှုအားတင်ပြခြင်း

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ်၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ဟိုတယ်ခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။အဆိုပါလုပ်ငန်းတွင်ဆောင်ရွက်ခြင်းကြောင့်ရရှိလာသောအကျိုးအမြတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

(၁) မအူပင်မြို့အား လူနေမှုအဆင့်အတန်းအလိုက် စီမံလန်းစိုပြေပြီး ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင် တစ်ခု ဖန်တီးပေးနိုင်ပါသည်။

(၂) မအူပင်မြို့ စက်မှုဇုန်ဖွံ့ဖြိုးရေး စီမံကိန်းများ တိုးတက်များပြားလျက်ရှိရာ အလုပ်ကိုင်အခွင့် အလမ်းများများပြားလာမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ နှင့် ဒေသခံပြည်သူများ အတွက် သင့်လျော်မည့်မြို့ပြလူနေမှုပုံစံအမျိုးမျိုးအတွက် သွားလာနေထိုင်ရေး အထူးသင့်လျော်သော ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးနိုင်ပါသည်။

(၃) နေထိုင်ရန်လိုအပ်သလောက်ရှိသော အိမ်ယာများကို (၅) နှစ်အတွင်း ဆောက်လုပ်ရောင်းချ/ငှားရမ်း သွားမည်ဖြစ်သဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးကို အလဟာသ မဖြစ်အောင် ထိန်းသိမ်းသွားပါမည်။

(၄) တိုင်းဒေသကြီးမှ လက်ရှိဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများကိုလည်း တန်ဖိုးနည်း အိမ်ယာများ ဆောက်လုပ် ရောင်းချ/ငှားရမ်းသွာမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းဇရိယာသည် လက်ရှိ ဖျာပုံနှင့် ကျိုက်လက်မြို့တို့ကို ချိတ်ဆက်ပြီး မအူပင်မြို့အား လမ်းပန်းဆက်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေပါသည်။

(၆) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့်ခေတ်မှီစက်ကိရိယာများနှင့်နည်းပညာများအသုံးပြုသကဲ့သို့ ခေတ်မှီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အတွက် အထောက်အကူပြု စေမည် ဖြစ်ပါသည်။

Ayeyarwady Inspiration Co., Ltd.

<u>လုပ်ငန်းအဆင့်ဆင့်အားရှင်းလင်းတင်ပြခြင်း</u>

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်အမှတ်၄၆၊၄၇၊၄၈၊၅၁၊၇၃၊ (၈.၆၅ဧက) နှင့် ဦးပိုင်အမှတ် ၄၄၊၄၅၊၄၆(၈.၉၂ဧက) စုစုပေါင်း(၁၇.၅၇ဧက) ပေါ်တွင် အိမ်ရာဆောက်လုပ် ရောင်းချခြင်းနှင့် ငှာရမ်းခြင်းလုပ်ငန်းအား ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။

ကျွန်တော်များ Ayeyarwaddy Inspiration Co.,Ltd သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊အိုင်ပိုင်းကျေးရွာအုပ်ရှိ လယ်ယာမြေအချို့အား Ayeyarwaddy Inspiration Co.,Ltd အနေဖြင့် စီးပွားရေးလုပ်ငန်းအမျိုးမျိုး၊ ကျောင်း၊ ဆေးရုံ၊ ဘဏ်၊ ရုံးခန်းများ ငှားရမ်းခြင်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီစဉ်ထား လျက်ရှိပါသည်။

လျှပ်စစ်မီးများ ရရှိရေးအတွက် Transformers များ နှင့် ဓာတ်မီးတိုင်များကို ဆောက်လုပ် ပေးပြီး Telephone တိုင်များ နှင့် ဆက်သွယ်ရေး တာဝါတိုင်များကိုလည်း သက်ဆိုင်သော Telecom Company များနှင့် ချိတ်ဆက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

လုပ်ငန်းရှိ မြေကွက်အချို့များကို ရောင်းချသွားမည်ဖြစ်ပြီး အချို့များကိုလည်း ဆောက်လုပ် ရောင်းချ/ငှားရမ်းသွားမည်ဖြစ်ပါသည်။ ထိုသို့ရောင်းချ / ငှားရမ်းရာတွင် မိမိတို့အကျိုးစီးပွား တစ်ခုတည်း သာမ ကြည့်ပဲ ပြည်သူလူထုနှင့် အစိုးရဝန်ထမ်းများကို သက်သာစွာ ရောင်းချ/ငှားရမ်း ပေးမည်ဖြစ်ပြီး ပင်စင်စားဝန်ထမ်းများကိုလည်းတန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ရောင်းချပေးခြင်းများကိုလည်းထည့်သွင်း စဉ်းစား သွားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

Minn Htwe
Managing Director
Ayeyarwady Inspiration Co., Ltd.

No.(39), Aung Zayar Street, (5) Ward, Maubin Township, Ayeyarwady Division.
Office: 01-9190357, 09-781993790

Ayeyarwady Inspiration Co., Ltd.

PAT အစည်းအဝေးမှ မှတ်ချက်များ

စဉ်	ဆွေးနွေးသူ	အကြောင်းအရာ	လုပ်ဆောင်ချက်
၁	မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန	Town Plan တွင်ပါဝင်ပြီးဖြစ်ကြောင်း၊ Conceptual Plan မဆွဲမီ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသို့ အကြမ်းတင်ပြရန်	**လုပ်ဆောင်ပြီးပါပြီ**
၂	ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန	IEE ဆောင်ရွက်ရန်	ဆောင်ရွက်ဆဲ
၃	လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့်စာရင်းအင်းဦးစီး ဌာန	တိုင်းလယ်/စီမှဗဟိုလယ်/စီသို့တင်ပြထား ကြောင်း၊စီ	
၄	ဝန်ကြီးဦးဝင်းငွေး	မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ပတ်ဂန်း ကျင်ထိန်းသိမ်း ရေးဦးစီးဌာန သို့ Layout Planများပေးပို့ရန်လိုကြောင်း၊တိုင်းလျှပ်စစ်၊အခွန်၊စည်ပင်နှင့်ဆက်သွယ် ဆောင်ရွက် ရန်	Layout Plan ပေးပို့ပြီးပြီဖြစ်ပါသည်။ အခွန်၊ စည်ပင် နှင့် ဆက်သွယ်ဆောင်ရွက်ပြီး၍တိုင်းလျှပ်စစ်နှင့်ဆက်သွယ်ဆောင်ရွက်ဆဲ

အထက်ပါမှတ်ချက်များအားလုံးကိုလိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

Minn Htwe
Managing Director
Ayeyarwady Inspiration Co., Ltd.

No.(39), Aung Zayar Street, (5) Ward, Maubin Township, Ayeyarwady Division.
Office: 01-9190357, 09-781993790

Ayeyarwady Inspiration

Ayeyarwady Inspiration Co., Ltd.

Service Proposal(ဝန်ဆောင်မှုအတည်ပြုလျှောက်ထားချက်)

No.1 Cleaning Service

For Public And Common Area Only

Daily Cleaning Service

အများသုံးဧရိယာအတွက်သန့်ရှင်းရေးလုပ်ငန်းများ၊လူနေအဆောက်မဦးအတွင်းရှိ လူသွားလမ်းများ၊ လူသွားလမ်းမျက်နှာကျက်များ၊ တစ်ဖက်တစ်ချက်ရှိနံရံများ၊ အဆောက်အဦး ပြင်ပရှိ နားနေရန်နေရာ၊ ကစားကွင်း၊ကားရပ်ရန်နေရာစသောအများနှင့်သက်ဆိုင်သောနေရာအားလုံးတို့ကိုသန့်ရှင်းရေးဝန်ထမ်းများမှ နေ့စဉ် အမှိုက်သိမ်းခြင်းစသော နေ့စဉ်သန့်ရှင်းရေးလုပ်ငန်းများ အား ဆောင်ရွက်ပေးပါမည်။

Periodical Cleaning Service

အိမ်ရာအတွက်အသုံးပြုသော ရေတိုင်ကီများ၊ မြေအောက် ရေလှောင်ကန်များ၊ M&E Room များ ရေနုတ်မြောင်းများ၊ အမှိုက်စွန့်မြွန်(Rubbish Chute)များ၊ လှေကားခွင်များနှင့် ခေါင်းမိုးနေရာများအား အပတ်စဉ်၊ လစဉ် အချိန်ဇယားရေးဆွဲ၍ သန့်ရှင်းရေးပြုလုပ်ပါမည်။

Daily Rubbish Disposal

နေ့စဉ်အမှိုက်စွန့်ပစ်ခြင်းလုပ်ငန်းများ Rubbish Chute မှတဆင့် နေ့စဉ်စွန့်ပစ်လိုက်သော မီးဖိုချောင်ထွက် အမှိုက်များအား Bin Centre ထဲတွင် အမှိုက်ပုံးများဖြင့် စနစ်တကျ စုဆောင်းထားပါမည်။ Rubbish Chute မှ စွန့်ပစ်ရန်မဖြစ်နိုင်သော အမှိုက်များအား Rubbish Chute အနီးတွင် စုပေါင်းထားရှိစေပါမည်။ ၎င်းအမှိုက်များအား သန့်ရှင်းရေးဝန်ထမ်းများမှ စနစ်တကျလိုက်လံ သိမ်းဆည်း၍ Bin Centre တွင် စုဆောင်းထားပါမည်။ ထို့နောက် စည်ပင်ဌာန နှင့်ချိတ်ဆက်ကာ သတ်မှတ်ထားသော အမှိုက်စွန့်နေရာသို့ စနစ်တကျစွန့်ပစ်ပေးပါမည်။

No.2 Security Service

For Public And Common Area Only

Physcial Security

နေထိုင်သူများနှင့် အိမ်ရာဝင်းတစ်ခုလုံး၏ လုံခြုံရေးနှင့်ဆိုင်သောကိစ္စရပ်များ ဆောင်ရွက်ရန် လုံခြုံရေးဝန်ထမ်းများထားရှိ၍ အိမ်ရာအတွင်းရှိ လူနေအဆောက်အဦးများ၊ ကားရပ်နားရန်နေရာများအား စနစ်တစ်ခုဖြင့် နေ့/ည မပြတ် ကင်းလှည့်၍ လုံခြုံရေးထားရှိ ဆောင်ရွက်ပေးပါမည်။

Ayeyarwady Inspiration Co., Ltd.

Surveillance, CCTV Monitor Control Room

CCTV စနစ်အားအသုံးပြု၍ အိမ်ရာ၏ လုံခြုံရေးအခြအနေအား အချိန်ပြည့် ဝန်ထမ်းထားရှိပြီး (၂၄) နာရီ စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ၊ CCTV Camera အလုံးရေ (၈၀)ခန့် အသုံးပြု၍ လူနေအဆောက်အဦးတစ်ခုစီ၏ လှေကားခွင်များ၊ ဓါတ်လှေကားဝန်ကျင် (Lift Lobby Area)၊ Car Park Area နှင့် Fencing နေရာများအား (၂၄)နာရီစောင့်ကြည့်ပေးပါမည်။

Visitor Control

လုံခြုံရေးဝန်ထမ်းများထားရှိ၍လူအဝင်အထွက်အားစိစစ်၊စောင့်ကြည့်မှတ်သားခြင်းလုပ်ငန်းများအားဆောင်ရွက်ပေးပါမည်၊ (အိမ်ရာအတွင်းနေထိုင်သူများလုံခြုံစေရန်စနစ်တကျသောသြည့် ဝင်/ထွက် စနစ်(၁)ခုစီစဉ်ထားရှိပေးပါမည်။)

No.3 Landscape Maintenance

For Public And Common Area Only

Gardening And Ground Maintenance

အိမ်ရာဝန်းအတွင်းရှိ သစ်ပင်ပန်းမန်များနှင့်မြက်ခင်းများအား ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာဖြည့်စွက်ခြင်း အမှိုက်ရှင်းလင်းခြင်းနှင့် သစ်ပင်ပန်းမန်များ လှပအောင်ပုံဖော်ခြင်းများအား ဆောင်ရွက်ပေးပါမည်၊ ရာသီဥတုဒဏ်နှင့် အခြားအကြောင်းများကြောင့် အပင်များသေဆုံး၊ ပျက်ဆီးပါက အလားတူ (သို့မဟုတ်) အခြားသောအပင်မျိုးများဖြင့်အစားထိုး စိုက်ပျိုးပေးသွားပါမည်။

ရေနှင့်လျှပ်စစ်ဓါတ်အား သုံးစွဲမှုဝန်ဆောင်ခ

(၁) အခြားဆက်သွယ်ရေးများဖြစ်သော ဖုန်း၊တီဗွီနှင့် အင်တာနက်လိုင်းကြေးများနှင့် အစိုးရအခွန်အခများကို တိုက်ခန်းပိုင်ဆိုင်သူမှ တိုက်ရိုက်ပေးဆောင်ရပါမည်။

(၂) လျှပ်စစ်ဓါတ်အား သုံးစွဲကျသင့် ငွေတောင်းခံလွှာကို လစဉ်သတ်မှတ်ရက်မတိုင်မီ Ayeyarwaddy Inspiration ရုံးခန်းသို့ (၃)ရက်ကြိုတင်ပို့ဆောင်ပေးပါကကုမ္ပဏီမှ ငွေပေးသွင်းခြင်းဝန်ဆောင်မှု ဆောင်ရွက်ပေးပါမည်။

(၃) ရေမီတာခကို လစဉ်သတ်မှတ်ရက်မတိုင်မီ Ayeyarwaddy Inspiration ရုံးခန်းသို့ (၃)ရက်ကြိုတင်ပေးသွင်းရမည်။

ပေးသွင်းရန်ပျက်ကွက်ပါက သတ်မှတ်ဒဏ်ကြေးပေးဆောင်ရမည်။

Ayeyarwady Inspiration Co., Ltd.

စီမံခန့်ခွဲမှု၊ ရေနှင့် လျှပ်စစ်ဓါတ်အား သုံးစွဲမှု ဝန်ဆောင်ခ ပေးဆောင်မှု

အသုံးပြုကြေးများအားလုံးကိုဌာနမှရောင်းချထားသောအခန်းအမည်ပေါက် စာရင်းများအတိုင်း ကောင်ခံပါမည်။
အငှားနေထိုင်သူများသည်လည်း Ayeyarwaddy Inspiration ရုံးခန်းတွင် မှတ်ပုံတင်စာရင်းပေးသွင်းရမည်။

မီးစက် လျှပ်စစ်ဓါတ်အားသုံးစွဲမှုအတွက် မှတ်ပုံတင်ရမည်။
ရေ/လျှပ်စစ်ဓါတ်အားမီတာများကို ရောက်ရှိအမှတ်မှ စတင်မည်ဖြစ်သည်။
အသုံးပြုကြေးများနှင့် စီမံခန့်ခွဲမှု ဝန်ဆောင်စရိတ်များကို Ayeyarwaddy Inspiration ရုံးခန်းသို့ တနင်္ဂနွေနေ့နှင့် အစိုးရရုံး ပိတ်များမှအပ မနက်(၉း၀၀) နာရီ မှ ညနေ(၄း၀၀) နာရီအတွင်း လာရောက်ပေးသွင်းရပါမည်။

Minn Htwe
Managing Director
Ayeyarwady Inspiration Co., Ltd.

ပုံစံ (၄ - ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်

ရင်းနှီးမြှုပ်နှံသူ၏အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

ဧရာဝတီ တိုင်းဒေသကြီး / ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ် ၊

ရက်စွဲ ၂၀၁၈ ခုနှစ်၊ မတ် လ ၂၈ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် ဦးမင်းဆွေ

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် အမှတ်၊ ၁၂၄၃ / ၂၀၁၄-၂၀၁၉

ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ် 12/ Tha KaTa (Naing) 124168

အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်

(ဂ) နိုင်ငံသား မြန်မာနိုင်ငံသား

(ဃ) နေရပ်လိပ်စာ/ မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ NO.(39) Aung Zayar Street (5) ward Maubin Township, Ayeyarwady Division

(င) တယ်လီဖုန်း /ဖက်စ် / အီးမေးလ်လိပ်စာ 01-9190357, 09781993790

(စ) လုပ်ငန်းအမျိုးအစား(အသေးစိတ်ဖော်ပြပေးရန်) [illegible] ခြင်းနှင့် [illegible]

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန်-

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည်

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်

(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်

(ဃ) နိုင်ငံသား

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ

စိုးအောင်
အတွင်းရေးမှူး
တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

(စ) တယ်လီဖုန်း /ဖက်စ် ....

(ဆ) အီးမေးလ်လိပ်စာ ....

မှတ်ချက်။ တရားဝင်ကိုယ်စားလှယ်လွှဲစာပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဌာန်

☑ ရာခိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း (ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)

☐ အခြားသဘောတူညီချက်ပုံစံတစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း (စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ...၁၀၀... %

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး .... %

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး .... %

၄။ အစုရှယ်ယာ ၁၀ % နှုန်းနှင့်အထက်ပိုင်ဆိုင်သောအစုရှယ်ယာရှင်များစာရင်း

စဉ်	အစုရှယ်ယာရှင်အမည်	နိုင်ငံသား	အစုရှယ်ယာပိုင်ဆိုင်မှု %
၁	ဦးမင်းဆွေ	မြန်မာ	၆၈ %
၂	ဦးဖိုးနှင်းမင်းသစ်	မြန်မာ	၂၀ %
၃	ဦးမင်းမော်	မြန်မာ	၇ %
၄	ဦးရဲဝိုး	မြန်မာ	၅ %

၅။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့်သက်ဆိုင်သောအချက်အလက်များ

(က) ခွင့်ပြုမတည်ငွေရင်း ...ကျပ် ၅၀၀,၀၀၀,၀၀၀ (သန်းငါးရာ)...

(ခ) အစုရှယ်ယာအမျိုးအစား ...ငွေကျပ် ၁၀၀၀၀.၀၀ (ကျပ်တစ်သောင်းတန်)...

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့်အစုရှယ်ယာပမာဏ ...၅၀၀၀၀...

....

မှတ်ချက်။ သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပူးတွဲတင်ပြရန်

၆။ မတည်ငွေရင်းနှင့်သက်ဆိုင်သည့်အချက်အလက်များ-

ကျပ်/US$ (သန်းပေါင်း)

(က) ပြည်တွင်းမှထည့်ဝင်သည့်မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း ...၂,၂၀၁.၉၆၉ သန်း...

စိုးအောင်
အတွင်းရေးမှူး
တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

(ခ) နိုင်ငံခြားမှ ယူဆောင်လာသည့် မတည်ငွေရင်း ....

ပမာဏ/ရာခိုင်နှုန်း

စုစုပေါင်း ၂,၂၀၁.၉၆၉ သန်း

(ဂ) အဆိုပြု မတည်ငွေရင်းနှစ်အလိုက် ထည့်ဝင်မည့် အခြေအနေ/ယူဆောင်လာမည့်ကာလ

....

၇။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် သက်တမ်း နှစ် (၅၀) + (၁၀) နှစ် (၂ ကြိမ်)

....

၈။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ -

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ(များ)/တည်နေရာ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ဆိုင်ကျေးရွာအုပ်စု ကွင်းအမှတ် (၈၈၀) ဦးပိုင်အမှတ် ၄၄၊ ၄၅၊ ၄၆ ဧက-၉၂.၁၀ ဧက၊ ဦးပိုင်အမှတ် ၄၆၊ ၄၇၊ ၄၈၊ ၅၁၊ ၅၃ ဧက-၆၅.၁၀ ဧက စုစုပေါင်း (၁၅၇.၅၃) ဧက

(ခ) ရင်းနှီးမြှုပ်နှံမှုတန်ဖိုး/ပမာဏ ကျပ် (၂,၂၀၁.၉၆၉) သန်း

၉။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်စသည်တို့ ရရှိပြီးပါက ပူးတွဲတင်ပြရန်။

၁၀။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ☑ ရှိ ☐ မရှိ

ရှိပါကလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဖော်ပြပေးရန်

မြေယာဖြူဖြူပြင်ခြင်းနှင့် သစ်ပင်များ စိုက်ပျိုးခြင်း

....

၁၁။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါလျှောက်ထားလွှာများကို တင်ပြလျှောက်ထားခြင်း ရှိ/မရှိ ဖော်ပြရန်။

☑ မြေအသုံးပြုခွင့်လျှောက်ထားလွှာ

☐ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

နိုးအောင်
အတွင်းရေးမှူး
တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

လျှောက်ထားသူလက်မှတ် ....

အမည် ဦးမင်းထွေး

ရာထူး Managing Director

ဌာန/ကုမ္ပဏီတံဆိပ် Ayeyarwady Inspiration Co., Ltd.

Min Htwe
Managing Director
Ayeyarwady Inspiration Co., Ltd.

ကတိဝန်ခံချက်

အထက်ဖော်ပြပါ လျှောက်ထားသူမှ ပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှုရှိပါကြောင်း အာမခံပါသည်။

ဤအုတည်ပြုလျှောက်ထားလွှာတွင် အတည်ပြုမိန့်ထုတ်ပေးရန်အတွက် ကော်မရှင်မှစိစစ်ရာ၌ လိုအပ်သည့် အချက်အလက်များကို လျှောက်ထားသူကပေးအပ်ရန်ပျက်ကွက်ပါက အတည်ပြုလျှောက်ထားလွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စိစစ်ရာ၌ မလိုလားအပ်သည့်နှောင့်နှေးကြန့်ကြာခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာသဘောပေါက် နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်းစည်းကမ်းများကိုလည်းလိုက်နာမည် ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ်..

အမည်.......ဦးမင်းထွေး.......

ရာထူး.......Managing Director.......

ဌာန/ကုမ္ပဏီတံဆိပ်.......Ayeyarwaddy Inspiration Co., Ltd.

မိုးအောင်
အတွင်းရေးမှူး
တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

Minn Htwe
Managing Director
Ayeyarwady Inspiration Co., Ltd.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
★ စာအမှတ်------- ★
ရက်စွဲ-------
ရေဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

ပုံစံ (၇-၁)

ခြေအသုံးပြုခွင့်လျှောက်ထားလွှာ

ဥက္ကဋ္ဌ

ရေဝတီ------တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ်၊

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ် လ ၂၈ ရက်

အကြောင်းအရာ။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့် လျှောက်ထားခြင်း။

ကျွန်တော်/ကျွန်မသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၁၆ နှင့်အညီ အောက်ပါအချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

၁။ မြေ/ အဆောက်အအုံ၏ပိုင်ရှင်နှင့်စပ်လျဉ်းသောအချက်အလက်များ

(က) ပိုင်ရှင်အမည်/အဖွဲ့အစည်း ______ ဦးမောင်လေး ______

(ခ) ဧရိယာအကျယ်အဝန်း ______ ၁၇.၆၁ ဧက (၈၅,၂၃၂.၄ စတုရန်းမီတာ) ______

(ဂ) တည်နေရာ ______ ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ဒိုင်း ကျေးရွာအုပ်စု ကွင်းအမှတ် (၈၈၁)၊ ဦးပိုင်အမှတ်၊ ၄၄၊ ၄၅၊ ၄၆ (ဇ.၉၂ ဧက)၊ ၄၆၊ ၄၇၊ ၄၈၊ ၅၁၊ ၇၃ (၈.၈၅ ဧက) စုစုပေါင်း (၁၇.၆၁ ဧက) ______

(ဃ) မူလမြေအသုံးပြုခွင့်ရရှိထားသောကာလ(မြေငှားဂရမ်သက်တမ်း) ______

(င) နှစ်ရှည်ငှားရမ်းခများကိုမတည်ရင်းနှီးငွေအဖြစ်ဖော်ပြခဲ့ခြင်းရှိ-မရှိ ______

(စ) ကနဦးငှားရမ်းသူကသဘောတူ/မတူ ______

(ဆ) မြေအမျိုးအစား ______ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်အတွက် ပုံစံ-လယ်/၇ မှ မဖြစ်ပိုလယ်/၁ သို့ ပြောင်းလဲထားပါသည်။ ______

၂။ အငှားချထားသူ

(က) အမည်/ကုမ္ပဏီအမည်/ဌာန/အဖွဲ့အစည်း ______

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ______

(ဂ) နေရပ်လိပ်စာ ______

______

စိုးအောင်
အတွင်းရေးမှူး
တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

ဒါရိုက်တာ
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၃။ အငှားချထားခြင်းခံရသူ

(က) အမည်/ကုမ္ပဏီအမည်/ဌာန/အဖွဲ့အစည်း --

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ----------------------------

(ဂ) နိုင်ငံသား --

(ဃ) နေရပ်လိပ်စာ ---

၄။ ငှားရမ်းလိုသည့်မြေနှင့်စပ်လျဉ်းသည့်အချက်အလက်များ

(က) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား [illegible] ခြင်းလုပ်ငန်း

(ခ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)။ နေပြည်တော်တိုင်းဒေသကြီး [illegible] မြို့နယ်၊ [illegible] ကျေးရွာအုပ်စု ကွင်းအမှတ် [illegible] ၄၄၊၄၅၊၄၆ (၈.၆၂ ဧက) [illegible] ၄၈၊၄၇၊၄၈၊၅၁၊၇၃ (၈.၆၉ ဧက) စုစုပေါင်း (၁၇.၃ ဧက)

(ဂ) တည်နေရာ (ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး) ----------------------------

----

(ဃ) မြေဧရိယာအကျယ်အဝန်း --

(င) အဆောက်အအုံအရွယ်အစား/အရေအတွက် -------------------------------------

(စ) အဆောက်အအုံတန်ဖိုး --

၅။ မြေပိုင်ဆိုင်မှု/မြေဂရန်အထောက်အထား(စက်မှုဇုန်မှ အပ)၊မြေပုံနှင့် မြေငှားစာချုပ်(မူကြမ်း) တင်ပြရန်။

၆။ မြေငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါပုဂ္ဂိုလ်ထံမှ တစ်ဆင့်ငှားရမ်းထားခြင်း ရှိ-မရှိ-

☐ နိုင်ငံတော်၏ဥပဒေများနှင့်အညီအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအသုံးပြုခွင့်အား ယခင်ကပင် ရရှိထားသောပုဂ္ဂိုလ်၊

☐ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့်အညီနိုင်ငံတော်ပိုင်မြေသို့မဟုတ် အဆောက်အအုံအားတစ်ဆင့်ငှားယူရန် သို့မဟုတ် တစ်ဆင့်လိုင်စင် ရယူရန်အခွင့်ရှိသည့် ပုဂ္ဂိုလ်။

၇။ မြေ/အဆောက်အအုံ ငှားရမ်းခနှုန်း(တစ်နှစ်လျှင်တစ်စတုရန်းမီတာအတွက်)--------------

----

စိုးအောင်
အတွင်းရေးမှူး
တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

၈။ မြေအသုံးချမှုပရီမီယံကြေး(Land Use Premium - LUP) (အစိုးရဌာန/ အစိုးရအဖွဲ့ အစည်းပိုင် မြေငှားရမ်းခြင်းဖြစ်ပါကအငှားချထားခြင်းခံရသူထံမှငွေသားဖြင့် LUP တောင်းခံပါမည်။)

တစ်ဧကနှုန်း --

၉။ မူလမြေငှားရမ်းခွင့်ရှိသူသို့မဟုတ်မြေအသုံးပြုခွင့်ရသူမှ ---------------------------- ငှားရမ်းရန်သဘောတူ/မတူ

၁၀။ လျှောက်ထားသည့် မြေ သို့မဟုတ် ------------ (၅၀-နှစ်) ------------ အဆောက်အအုံ ငှားရမ်း/ အသုံးပြုခွင့်သက်တမ်း

၁၁။ စက်မှုဇုန်၊ ဟိုတယ်ဇုန်၊ ကုန်သွယ်ရေးဇုန် ------------ မဟုတ်ပါ။ ------------ အစရှိသည့် သက်ဆိုင်ရာ လုပ်ငန်းဇုန်ဧရိယာ ---------------------------- အတွင်းရှိမြေ ဟုတ်/မဟုတ် (ဇုန်ကိုဖော်ပြရန်)

လျှောက်ထားသူလက်မှတ် ....

အမည် .... ဦးမင်းထွေး ....

ရာထူး Managing Director

ဌာန/ကုမ္ပဏီတံဆိပ် Ayeyarwady Inspiration Co, Ltd.

Minn Htwe
Managing Director
Ayeyarwady Inspiration Co., Ltd.

စိုးအောင်
အတွင်းရေးမှူး
တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

ပူးတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ဧရာဝတီတိုင်းဒေသကြီး

ငွေလက်ခံရန်အကြောင်းကြားစာ

အမှတ်စဉ်   ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ မေ လ၊ ၄ ရက်

အောက်ဖော်ပြပါ လျှောက်ထားသူထံမှ သက်ဆိုင်ရာ လျှောက်ထားလွှာအတွက် ဖော်ပြပါဝန်ဆောင်ခအားလက်ခံပါရန်နှင့် ငွေရပြေစာမိတ္တူစာတစ်စောင်ကို ဌာနခွဲသို့ ပေးပို့ပေးပါရန် အကြောင်းကြားအပ်ပါသည်-

၁။ လျှောက်ထားသူ၏ -
(က) အမည် .... ဦးမင်းထွေး ....
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ၁၂/သခတ(နိုင်)၂၂၄၁၆၈
(ဂ) နေရပ်လိပ်စာ/တယ်လီဖုန်း အမှတ်(၁၉)၊ အောင်ဇေယျလမ်း၊ (၅)ရပ်ကွက်၊ [illegible]

၂။ ရင်းနှီးမြှုပ်နှံသူ၏ - မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊
(က) အမည် .... ဦးမင်းထွေး ....
(ခ) ကုမ္ပဏီအမည် Ayeyarwaddy Inspiration Co., Ltd
(ဂ) လုပ်ငန်းအမျိုးအစား [illegible]

၃။ ပေးသွင်းမည့်ဝန်ဆောင်ခနှင့်စပ်လျဉ်း၍-
(က) လျှောက်ထားလွှာပုံစံအမှတ် .... ပုံစံ (၄-၁) + ပုံစံ (၇-၁)
(ခ) ဝန်ဆောင်ခနှုန်းထား(ဂဏန်းဖြင့်)ကျပ် .... ၅၀၀၀၀ကျပ် + ၁၀၀၀၀၀ကျပ် = ၁၅၀၀၀၀ကျပ်
(စာဖြင့်) ကျပ် .... တစ်သိန်းငါးသောင်းကျပ်တိတိ ....
(ဂ) ငွေအမျိုးအစား(ကျော်ဘက်ပါအတိုင်း) ....

(သက်ဆိုင်ရာဌာနခွဲမှလက်မှတ်ထိုးပေးပါရန်)

ငွေလက်ခံပေးပါရန်
(ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး)

(လက်မှတ်) ၄.၅.၁၈
အေးအေးမြင့်
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

...... ၁၅၀၀၀၀ကျပ် ...... ကျပ်(... တစ်သိန်းငါးသောင်း .... ကျပ်တိတိ)
ကိုလက်ခံရရှိပါသည်။

ငွေသွင်းခွင့်ပြုပြီး (လက်မှတ်)

(လက်မှတ်)
ငွေစာရင်းဌာနခွဲ

24.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး

စာအမှတ်၊ ၆၄၈ / လ ယ - ၂
ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၆ ရက်

သို့

ဥက္ကဋ္ဌ
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
နေပြည်တော်

အကြောင်းအရာ။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ-၃၀ အရ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်လျှောက်ထားခြင်းကိစ္စ။

ရည် ညွှန်း ချက်။
(၁) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၁.၃.၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁၂/လယ - ၃၀ (၅၅၂ / ၂၀၁၆)
(၂) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၂.၉.၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၅၀၀/၅-၂၀(၂၉၀၆)/အစိုးရ(ဧရာဝတီ)
(၃) ဧရာဝတီတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ (၆.၁.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၅၂၆၇/လယ-၃(လယ်ယာ)
(၄) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၄.၂.၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅၀၀/၅-၂၀(၉၃၆)/အစိုးရ(ဧရာဝတီ)
(၅) မအူပင်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏(၂၃.၆.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၄/၁၀-၂/ဦး ၆(၁၁၈၅)
(၆) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏(၈.၈.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၆၀၀/၆-၅(၁၂၀၀)/အစိုးရ(ဧရာဝတီ)

၁။ ဦးမင်းထွေး(အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီ)မှ အိမ်ယာမြေစီမံကိန်းအဖြစ် အခြားနည်းအသုံးပြုခွင့်ရရှိရေး လျှောက်ထားလာမှုကို တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ခံတင်ပြလာမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က နိုင်ငံတော်သမ္မတရုံးမှ မူအားဖြင့် ခွင့်ပြုထားခြင်း ရှိ/မရှိ၊ မြေပြင်တွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ရှိ/မရှိ၊ ဆန်စပါးဖူလုံမှုကိုထိခိုက်စေခြင်း ရှိ/မရှိ စသည့် အချက်များအား စိစစ်ပြီး ပြန်လည်တင်ပြရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၂၃)၊ (၁၉)လမ်း၊ မာန်ပြေ(၉)ရပ်ကွက်နေ ဦးမင်းထွေး(အကြံကောင်း ဉာဏ်ကောင်းကုမ္ပဏီ)က မအူပင်မြို့၊ အိုင်ဝိုင်းကျေးရွာအုပ်စု၊ ငါးပိအိုင်ကွင်း၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်ပေါင်း(၂၀)၊ ဧရိယာ(၉၈.၉၆)ဧကရှိ လယ်မြေကို အိမ်ယာမြေစီမံကိန်းမြေအဖြစ် အသုံးပြုခွင့်ရရှိရေး လျှောက်ထားချက်ကို တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဗဟိုလယ်ယာမြေစီမံ

ခန့်ခွဲမှုအဖွဲ့သို့ ထောက်ခံတင်ပြထားပြီးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းခွင့်ပြုပါရန် တင်ပြမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်က **"တိုင်းလယ်ယာမြေစိစစ်ရေးအဖွဲ့မှ စိစစ်ဆောင်ရွက်ရန်"** ဟု မှတ်ချက်ပြုထားသဖြင့် လိုက်နာဆောင်ရွက်သွားရန် ရည်ညွှန်းချက်(၂)ပါစာဖြင့် အကြောင်းကြားလာခဲ့ပါသည်။

၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်ညွှန်းချက်(၂)ပါစာဖြင့် အကြောင်းကြားချက်အရ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဆန်စပါးဖူလုံမှုကိုထိခိုက်မှု ရှိ/မရှိ၊ မြေပြင်တွင်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် သမ္မတရုံး၏ မူအားဖြင့်ခွင့်ပြုထားခြင်း ရှိ/မရှိ အခြေအနေကို ရည်ညွှန်းချက်(၃)ပါစာဖြင့် ပြန်လည်တင်ပြခဲ့ပြီးဖြစ်ပါသည်။

၄။ ယင်းသို့တင်ပြချက်အရ လျှောက်ထားမြေသည် အနည်ဆုံးလိုအပ်သည့် ပမာဏသာဖြစ်သင့်ပြီး တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးတွင် တင်ပြဆောင်ရွက်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရည်ညွှန်းချက်(၄)ပါစာဖြင့် အကြောင်းကြားခဲ့၍ မအူပင်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဦးမင်းထွေး(အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီ)၏ အိမ်ရာစီမံကိန်းမြေအဖြစ် အခြားနည်းအသုံးပြုခွင့်ရရှိရေး လျှောက်ထားမြေသည် အနည်းဆုံးလိုအပ်သည့် ပမာဏဖြစ်ကြောင်း ရည်ညွှန်းချက်(၅)ပါစာဖြင့် တင်ပြလာပါသဖြင့် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် တင်ပြဆွေးနွေးခဲ့ပါသည်။

၅။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃.၇.၂၀၁၇) ရက်နေ့၌ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇)တွင် ထည့်သွင်းဆွေးနွေးခဲ့ရာ အိမ်ယာမြေစီမံကိန်းလုပ်ငန်းသုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် လျှောက်ထားမှုအပေါ် လျှောက်ထားမြေနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအစီအမံများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လာရောက်ရှင်းလင်းတင်ပြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိပြီးပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ဆက်လက်တင်ပြသွားရန် ဆုံးဖြတ်ချက်အပိုဒ်(၁၂)တွင် ဆုံးဖြတ်ခဲ့ပါသည်။

၆။ Ayeyarwaddy Inspiration Co.,Ltd က ၎င်း၏လုပ်ငန်းဆောင်ရွက်မှုအစီအမံများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ထံရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းတင်ပြချက်အရ (၃/၄.၈.၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၂/၂၀၁၇)၊ ဆုံးဖြတ်ချက်(၁၆)(ခ)ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ထောက်ခံတင်ပြပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ထောက်ခံတင်ပြရန် ရည်ညွှန်းချက်(၆) ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၇။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၂၃)၊ (၁၉)လမ်း၊ မာန်ပြေ(၉)ရပ်ကွက်နေ ဦးမင်းထွေး(အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီ)မှ အိမ်ယာမြေစီမံကိန်းအဖြစ် အသုံးပြုရန်အတွက် လျှောက်ထားလာမှုအပေါ် ခွင့်ပြုပေးနိုင်ပါရန် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့်အတူ ထောက်ခံတင်ပြအပ်ပါသည်။

ပူးတွဲ - အစီရင်ခံစာ (၁) စုံ

(မန်းဂျော်နီ)

ဥက္ကဋ္ဌ

မိတ္တူကို -

- ရုံးလက်ခံ/မျှောစာတွဲ။

မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်ပေါင်း (၂၀)၊ ဧရိယာ (၉၈.၉၆) ကေရှိ လယ်မြေကို အိမ်ယာစီမံကိန်းမြေအဖြစ် အသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၂၃)၊ (၁၉)လမ်း၊ မာန်ပြေ(၉)ရပ်ကွက်နေ ဦးမင်းထွေး(အကြံကောင်းဉာဏ်ကောင်း ကုမ္ပဏီ)၏တင်ပြ လျှောက်ထားလာမှုအပေါ် စိစစ်တွေ့ရှိချက်အစီရင်ခံစာ

ကျိုးကြောင်းဖော်ပြချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၂၃)၊ (၁၉)လမ်း၊ မာန်ပြေ(၉)ရပ်ကွက်နေ ဦးမင်းထွေး (အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီ)မှ မအူပင်မြို့၊ အိုင်ဝိုင်းကျေးရွာအုပ်စု၊ ငါးပိအိုင်ကွင်း၊ ကွင်းအမှတ် (၈၈၀)၊ ဦးပိုင်ပေါင်း(၂၀)၊ ဧရိယာ (၉၈.၉၆)ကေရှိလယ်မြေကို အိမ်ယာမြေစီမံကိန်းလုပ်ငန်းသုံးမြေအဖြစ် အသုံးပြုရန်အတွက် လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)အရ အခြားနည်းအသုံးပြုခွင့်လျှောက်ထားလာမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၄.၃.၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆)၊ ဆုံးဖြတ်ချက်အရ တင်ပြသည့်လုပ်ငန်းအမျိုးအစားအလိုက် နိုင်ငံတော်သမ္မတရုံး၌ မူအားဖြင့်ခွင့်ပြုချက်ရယူထားခြင်း ရှိ/မရှိ၊ မြေပြင်တွင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ ဆန်စပါးဖူလုံမှုကိုထိခိုက်စေခြင်း ရှိ/မရှိ စိစစ်တင်ပြရန် အကြောင်းကြားလာခဲ့ပါသည်။

စိစစ်တွေ့ရှိချက်

၂။ မအူပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၈၀)၊ ဦးပိုင်ပေါင်း(၂၀)၊ ဧရိယာ(၉၈.၉၆)ကေရှိ လယ်မြေကို ဦးမင်းထွေး(အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီ)မှ အိမ်ယာမြေစီမံကိန်းအဖြစ် လျှောက်ထားမှုနှင့်ပတ်သက်၍ မြေပြင်တွင် မြေထိန်းနံရံတည်ဆောက်ခြင်းအား လုပ်ငန်းလျာထားချက်၏ (၈၀)% မြေပြင်သဲဖို့ခြင်းနှင့် လမ်းဖော်ကလုပ်ခြင်းလုပ်ငန်းမှာ (၈၀)%၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား (၉၀)% ဆောင်ရွက်ပြီးစီးလျှက်ရှိပြီး၊ အိမ်ယာအဆောက်အဦလုပ်ငန်းအား ဆောက်လုပ်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ဦးမင်းထွေး၏ လျှောက်ထားမြေသည် ရန်ကုန်-မအူပင်-ကျိုက်လတ်-ဖျာပုံ(၄)လမ်းသွား လမ်းမကြီးဘေးတွင်တည်ရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့်အပြင် ရေနက်ကွင်းဖြစ်၍ မိုးစပါးကောင်းမွန်စွာ စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း မရှိသောမြေများဖြစ်ပြီး၊ စိုက်ပျိုးသည့်စပါးများမှာလည်း နှစ်စဉ်ရေကြီးနစ်မြုပ်သည့်ဒဏ်ခံရသဖြင့် တစ်ဧကလျှင်စပါးတင်း(၃၀)တင်းမှ (၅၀)တင်း အကြားသာ ထွက်ရှိသောလယ်မြေများဖြစ်၍ အိမ်ယာစီမံကိန်းကို ခွင့်ပြုခြင်းဖြင့် ဆန်စပါးဖူးလုံမှုကို ထိခိုက်ခြင်းမရှိကြောင်းစိစစ်တွေ့ရှိရပါသည်။

၄။ လျှောက်ထားမြေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပဒုမ္မာအဆင့်မြင့်အိမ်ယာ စီမံကိန်းအား မအူပင်မြို့ရှိ (Ayeyarwady Inspiration C0. Ltd)မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး၊ စင်္ကာပူနိုင်ငံတွင် အခြေစိုက်သည့် (Swivama Co.Ltd)မှ တာဝန်ယူ ဒီဇိုင်းရေးဆွဲခြင်းဖြစ်ကြောင်း တင်ပြချက်အရ သိရှိရပါသည်။

၅။ ပဒုမ္မာအဆင့်မြင့်အိမ်ယာစီမံကိန်းကို (Max Myanmar Co.Ltd) သို့မဟုတ် ဗီယက်နမ်ကုမ္ပဏီတစ်ခုနှင့် (Ayeyarwady Inspiration C0. Ltd)တို့မှ မြန်မာ(၅၁%၊ နိုင်ငံခြား(၄၉)%) ပိုင်ဆိုင်မှုအချိုးဖြင့် အကျိုးတူ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းဆဲဖြစ်ကြောင်း သိရှိရပါသည်။

၆။ အိမ်ယာစီမံကိန်းအတွက် ဆောက်လုပ်မည့် အဆောက်အဦများမှာ တန်ဘိုးနည်းဝန်ထမ်းအိမ်ယာ (၂၀၀)ခန်း၊ အဆင့်မြင့်အိမ်ယာ(၃၁၅)လုံး၊ စူပါမားကတ်(Super Market) (၁)ခု၊ ကားပါကင်(Bus Stand)

(၁) ခု၊ ကလေးကစားကွင်း (၁)ခု၊ ဓမ္မာရုံ (၁)ခု၊ မီးသတ်စခန်း (၁)ခု၊ ဆေးရုံ (၁)ရုံ၊ လယ်ယာသုံးစက်ပစ္စည်းများအရောင်းပြခန်း (၁)ခု ဖြစ်ကြောင်း တင်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ ဦးမင်းထွေး (အကြံကောင်းဉာဏ်ကောင်း)ကုမ္ပဏီ ၏ အိမ်ယာစီမံကိန်းအဖြစ် အသုံးပြုလျှောက်ထားမြေသည် လုပ်ငန်းစီမံချက်မှတ်တမ်းများအရ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မြေဧရိယာ အနည်းဆုံးပမာဏဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

